# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**

**( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စစ်ဆေးရေးမှူး-၂ (စိတ်စစ်ဆေးရေး) (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၄)နေရာအတွက် အောက်ပါပညာအရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သတ်မှတ်ပညာအရည်အချင်းမှာ ဝိဇ္ဇာဘွဲ့(စိတ်ပညာ) ရရှိပြီး ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်၊

(ဂ) ၁၅ -၁၂ -၂၀၂၂ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်အသက် ၃၀ နှစ် [ဝန်ထမ်းဖြစ်ပါက ၃၅နှစ်] ထက်မကျော်လွန်သူဖြစ်ရမည်၊

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူပူးတွဲတင်ပြရမည်၊

(င) ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၌ (၁၆-၁၁-၂၀၂၂)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်းအခမဲ့ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ(၁၅-၁၂-၂၀၂၂) ရက်နေ့နောက်ဆုံးထား၍ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင်ဖြည့်သွင်းရမည့်ပုံစံ၊ ပူးတွဲတင်ပြရမည့် အချက်အလက်များအား ဖော်ပြထားရှိပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲကို(၁၉-၁၂-၂၀၂၂) ရက်နေ့တွင် နံနက် ၀၉း၀၀နာရီမှ ၁၁း၀၀နာရီထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်(၃)ခုအတွက်(၂)နာရီမေးခွန်းဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို (၂၁-၁၂-၂၀၂၂) ရက်နေ့တွင် ကွန်ပျူတာကျွမ်းကျင်မှုအရည်အချင်းစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို စိစစ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇- ၃၄၀၉၁၆၅ သို့ဖြစ်စေ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန